IOM UN MIGRATION

SCVG Youth for Youth, Youth for Community

တွဲလက် TWE LET

**နိုင်ခံ့သော အုပ်ချုပ်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုများဖြင့် လုပ်သားရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးဆက်များကို တိုးမြင့်အောင် ပြုလုပ်ခြင်း (တွဲလက်)**

# သင်တန်းသားလျှောက်လွှာများ ခေါ်ယူခြင်း

ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration - IOM) နှင့် လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းအဖွဲ့ (Social Care Volunteer Group - SCVG) သည် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (Livelihood and Food Security Fund - LIFT) ၏ ရန်ပုံငွေဖြင့် တောင်သာ၊ မိတ္ထီလာ၊ ပခုက္ကူ၊ အောင်လံနှင့် သရက် အစရှိသည့် မြို့နယ်များမှ အလားအလာရှိသော ရွှေ့ပြောင်းသွားလာသူများအတွက် ဆိုက်ရောက်ဒေသတွင် အသုံးချရန် အသက်မွေးမှုအတတ်ပညာများ သင်ပေးခြင်း၊ ရွှေ့ပြောင်းသွားလာပြီး ပြန်လည်ရောက်ရှိလာသူများကို ကိုယ်ပိုင်လုပ်ငန်းများ စတင်နိုင်ရန် ကျွမ်းကျင်မှု အတတ်ပညာများ သင်ပေးခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။

## လျှောက်ထားနိုင်သူများ

တောင်သာ၊ မိတ္ထီလာ၊ ပခုက္ကူ၊ အောင်လံနှင့် သရက်မြို့နယ်များရှိ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသော မသန်စွမ်းသူများအပါအဝင် ကျား-မ မရွေး လျှောက်ထားနိုင်ပါသည်။

- ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသူ (ရွှေ့ပြောင်းသွားလာပြီး အလုပ်လုပ်ရန် ရည်ရွယ်ချက်ရှိသူ (သို့မဟုတ်) ရွှေ့ပြောင်းသွားလာရာမှ ပြန်လာပြီး ပြန်လည်ထွက်ခွာရန် အစီအစဉ်ရှိသူ)
- ရွှေ့ပြောင်းသွားလာရာမှ ပြန်လာပြီး မိမိရပ်ရွာတွင် အမြဲအခြေချ၍ အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်ကြားပြီး အဆိုပါအတတ်ပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုရန် အစီအစဉ်ရှိသူ၊
- လူကုန်ကူးခံရသူများ၊ လုပ်ငန်းခွင်/ အလုပ်ရှင်မှ အမြတ်ထုတ်ခံရသူများ (လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရသူများ၊ လုပ်ခလစာ အပြည့်အဝမရရှိသူများ)၊
- ရွှေ့ပြောင်းလုပ်သားရှိသော ဝင်ငွေနည်းမိသားစုဝင်များ၊
- အသက် (၁၈) နှစ်မှ (၄၅) နှစ် ကြားနှင့်
- သင်တန်းကာလ ၃ လ အချိန်ပေး တတ်ရောက်နိုင်သူများ။

အမှန်တကယ် ပြန်လည်အသုံးချ အလုပ်အကိုင်လုပ်မည့်သူများသာလျှင် လျှောက်ထားပါရန် တိုက်တွန်းအပ်ပါသည်။

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီအဆင့်ဆင့်မှ ထုတ်ပြန်သော ကန့်သတ်ချက်များအရ သင်တန်းဖွင့်လှစ်မည့် (အချိန်၊ နေရာ၊ ရက်စွဲ) အပြောင်းအလဲရှိနိုင်ပါသည်။

IOM UN MIGRATION

SCVG Youth for Youth, Youth for Community

## သင်တန်းအကြောင်းအရာများ

- သင်တန်းကာလသည် စုစုပေါင်း (၃) လကြာမြင့်မည် ဖြစ်ပြီး အချို့သင်တန်းများသည် လက်တွေ့ လုပ်ငန်းခွင် သင်ယူခြင်း (၁) လခွဲပါဝင်မည် ဖြစ်ပါသည်။
- အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ လက်တွေ့သင်ယူရမည် ဖြစ်ပါသည်။
- သင်တန်းနှင့် ပတ်သက်သည့် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ လုပ်ငန်းခွင်သုံး အန္တရာယ်ကင်း ဝတ်စုံများကို အဖွဲ့အစည်းမှ အခမဲ့ ပံ့ပိုးပေးပါမည်။
- လုပ်ငန်းခွင်ပေါင်းသင်းဆက်ဆံနည်းများ၊ လုပ်ငန်းခွင်ကျင့်ဝတ်များ၊ အလုပ်အကိုင်ရှာဖွေရာတွင် သိရှိအပ်သည့် သိမှတ်ဖွယ်ရာများအစရှိသည့် ဘဝတစ်သက်တာ အသုံးချစရာ လူမှုဆက်ဆံရေး ပညာရပ်များကို အခမဲ့ ထည့်သွင်းသင်ကြားပေးသွားမည် ဖြစ်ပါသည်။
- သင်တန်းဆင်းပြီးနောက် အောင်မြင်သူများအား လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်ရန် လုပ်ငန်းသုံး ပစ္စည်းများအား ထောက်ပံ့သွားမည် ဖြစ်ပါသည်။
- IOM နှင့် SCVG မှ ကြီးမှူးကျင်းပသော အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ၊ အလုပ်အကိုင်အတွက် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးသော အထူးနေ့များသို့ အခမဲ့ တက်ရောက်ခွင့် ရရှိမည်ဖြစ်ပါသည်။
- ကျွမ်းကျင်မှုစစ်ဆေးအောင်မြင်ပြီးပါက IOM နှင့် SCVG မှ ချီးမြှင့်သော အောင်လက်မှတ်ကို လက်ခံရရှိမည် ဖြစ်ပါသည်။
- လျှပ်စစ်သင်တန်းနှင့် အဲကွန်းသင်တန်းများအတွက် NSSA အမျိုးသားကျွမ်းကျင်မှု စံသတ်မှတ်ရေး အဖွဲ့မှ အသိအမှတ်ပြုထားသော ကျွမ်းကျင်မှုလက်မှတ်ရရှိရန် စာမေးပွဲ ဖြေဆိုခွင့်ရရှိပြီး အောင်မြင်ပါက NSSA အသိအမှတ်ပြုလက်မှတ်ကို ရရှိမည် ဖြစ်ပါသည်။
- သင်တန်းသားများကို သင်တန်းကာလအတွင်း နေစရာ အဆောင် စီစဉ်ပေးမည်။

လျှောက်ထားသူတိုင်းသည် လူတွေ့အင်တာဗျူးဖြေရမည်ဖြစ်ပြီး အင်တာဗျူးအောင်မြင်သူများသာ သင်တန်းများသို့ တက်ရောက်ခွင့် ရရှိမည် ဖြစ်ပါသည်။

## လျှောက်ထားနိုင်သည့် သင်တန်းများ

| စဉ် | သင်တန်းအမည် (course) | တည်နေရာ | ဦးရေ |
|---|---|---|---|
| ၁ | အဲကွန်း၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာပြင်သင်တန်း | မန္တလေးမြို့ | ၂၀ ဦး |
| ၂ | အိမ်တွင်းဝါယာ သွယ်တန်းမှုသင်တန်း | မန္တလေးမြို့ | ၂၀ ဦး |
| ၃ | သူနာပြုအကူသင်တန်း | မိတ္ထီလာမြို့ | ၁၅ ဦး |
| ၄ | ကားမောင်းသင်တန်းနှင့် စက်ပြင်သင်တန်း | မိတ္ထီလာမြို့ | ၂၅ ဦး |
| ၅ | နိုင်ငံတကာအစားအစာ ချက်ပြုတ်နည်းသင်တန်း | ရန်ကုန်မြို့ | ၁၀ ဦး |
| ၆ | စာရင်းကိုင်သင်တန်း (LCCI Level 1,2) | မကွေးမြို့ | ၁၅ ဦး |
| ၇ | ဆိုင်ကယ်ပြင်သင်တန်း | မိတ္ထီလာ၊ တောင်သာ၊ အောင်လံမြို့ | ၃၀ ဦး |

| စဉ် | သင်တန်းအမည် (course) | တည်နေရာ | ဦးရေ |
|---|---|---|---|
| ၈ | အဆင့်မြင့်စက်ချုပ်သင်တန်း | မကွေးမြို့ | ၁၅ ဦး |
| ၉ | ပလက်စတစ်ခြင်းယက်ခြင်းသင်တန်း | ပခုက္ကူမြို့ | ၁၀ ဦး |
| ၁၀ | အခြေခံသတင်းစာပညာ သင်တန်း | မန္တလေးမြို့ | ၁၀ ဦး |

လျှောက်လွှာစတင် လက်ခံမည့်ရက် - ၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၂၀ ပြည့်နှစ်

လျှောက်လွှာပိတ်မည့်ရက် - ၂၃ ရက်၊ စက်တင်ဘာလ၊ ၂၀၂၀ ပြည့်နှစ်

အင်တာဗျူးအစီအစဉ်

လူတွေ့အင်တာဗျူးအတွက် ဖုန်းဖြင့်ဆက်သွယ်ပါမည်။ ၂၃ ရက်မှ ၃၀ ရက်၊ စက်တင်ဘာလ၊ ၂၀၂၀ ပြည့်နှစ် အတွင်း သက်ဆိုင်ရာမြို့နယ်များသို့ လာရောက်အင်တာဗျူးပါမည်။

## လျှောက်လွှာနှင့်အတူ

(၁) အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ တစ်စောင်၊ (၂) မှတ်ပုံတင်ကဒ်မိတ္တူ တစ်စောင်၊ (၃) ပတ်စပို့ဓါတ်ပုံ ၃ ပုံ

လျှောက်လွှာများအား မြို့နယ်အလိုက် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပြီး အခမဲ့ရယူလျှောက်ထားနိုင်ပါသည်။

## အသေးစိတ်သိရှိလိုလျှင်

| မြို့နယ် | စဉ် | ဆက်သွယ်ရန် ကိုယ်စားလှယ်များ |
|---|---|---|
| မိတ္ထီလာ | ၁ | ဦးဝင်းထိုက်ကျော်၊ မုံဇင်းကျေးရွာ၊ အရာတော်အုပ်စု၊ မိတ္ထီလာမြို့နယ်။ ဖုန်း ၀၉-၇၉၇၉၈၁၃၄၆ |
| | ၂ | မရတနာစုလွင်၊ ချမ်းမြေ့ငြိမ်းအဆောင်၊ မိတ္ထီလာတက္ကသိုလ်အနီး။ ဖုန်း ၀၉-၉၅၆၆၂၀၃၈၁ |
| တောင်သာ | ၃ | ဦးမျိုးမြတ်ဦး (ခ) ကိုဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊ တောင်သာမြို့။ ဖုန်း ၀၉- ၄၀၂၇၂၃၃၃၀ |
| | ၄ | မသီတာမိုး၊ အမှတ် (၂) ရပ်ကွက်၊ တောင်သာမြို့။ ဖုန်း ၀၉-၄၄၈၀၀၄၉၆၃ |
| အောင်လံ | ၅ | မမြင့်ကေသီနိုင်၊ SCVG - အောင်လံရုံးခွဲ၊ အမှတ် (၂၂၂)၊ ဧယျာဝတီရပ်ကွက်၊ ပန်းမြတ်မာလာလမ်း၊ အောင်လံမြို့။ ဖုန်း ၀၉- ၂၅၄၀၉၀၆၆၄ |
| | ၆ | ကိုဝင်းကြွယ်၊ ရေပြင်းရွာ၊ အောင်လံမြို့နယ်။ ဖုန်း ၀၉-၂၆၈၅၃၈၄၃၆ |
| | ၇ | မသင်းမြတ်ဖြိုး၊ ဆင်ကြံကျေးရွာ၊ မောင်းမလှုပ်ကျေးရွာအုပ်စု၊ အောင်လံမြို့နယ်။ ဖုန်း ၀၉-၄၅၆၅၃၈၉၅၂ |
| သရက် | ၈ | မနွယ်နီလှိုင်၊ မဟေသီအမျိုးသမီးအဖွဲ့၊ သရက်မြို့။ ဖုန်း ၀၉-၂၅၂၆၉၈၈၁၁ |
| | ၉ | ကိုစိုးလင်း၊ ကတက်ပင်ကျေးရွာ၊ အင်းလယ်ကျေးရွာ၊ သရက်မြို့နယ်။ ၀၉-၄၀၁၆၆၇၂၀၃ |
| ပခုက္ကူ | ၁၀ | မဇာဇာဝင်း၊ အမှတ်(၁၃)၊ ရန်ပြေလမ်း၊ မဲအိုးတန်းရပ်၊ ပခုက္ကူမြို့။ ဖုန်း ၀၉- ၇၉၃၃၄၂၅၆၃ |
| | ၁၁ | ကိုအောင်ကျော်မြင့်၊ အနောက်ဘုန်းကံကျေးရွာ၊ ပခုက္ကူမြို့နယ်။ ဖုန်း ၀၉-၄၀၄၇၄၇၃၀၉ |

# သင်တန်းဆိုင်ရာ သတင်းအချက်အလက်များ

| စဉ် | သင်တန်းအမည် နှင့် ဖွင့်လှစ်မည့် နေရာ | သင်တန်းတွင် သင်ကြားပေးမည့် ခေါင်းစဉ်များ | ကာလ | ဝင်ခွင့်သတ်မှတ်ချက် | သင်တန်းသား ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အဲကွန်း၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ ပြင် သင်တန်း<br><br>(မန္တလေးမြို့) | (၁) အလုပ်ခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး<br>(၂) အခြေခံသိပ္ပံ၊ တွက်ချက်မှုနှင့် တိုင်းတာမှုများ<br>(၃) အခြေခံလျှပ်စစ်<br>(၄) လက်ကိုင်ကိရိယာများ၊ ပါဝါကိရိယာများ၊ ကိရိယာများနှင့် ကိရိယာများကို အသုံးပြုခြင်း<br>(၅) ပိုက်ကျွမ်းကျင်မှု<br>(၆) ကြေးနီကျွမ်းကျင်မှု<br>(၇) လူနေအိမ် လေအေးစက် တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း<br>(၈) ရေခဲသေတ္တာများနှင့် အဝတ်လျှော်စက်များ တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်း | (၅-၁၀-၂၀၂၀) မှ (၃၀-၁၂-၂၀၂၀) (ကျောင်းတွင်းသင်တန်း ၆ပတ်၊ လုပ်ငန်းခွင် လက်တွေ့ ဆိုင်များတွင် ၆ပတ် =ပေါင်း ၁၂ပတ် သင်ယူရပါမည်) | -အခြေခံပညာ အလယ်တန်းဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ | ၂၀ ဦး | (နေစားငြိမ်း၊ ခရီးစရိတ် ထောက်ပံ့မည်၊ NSSA ဖြေဆိုခွင့် အခမဲ့ ရရှိမည်) သင်တန်းပြီးနောက် လုပ်ငန်းခွင်သုံး ကိရိယာအချို့ ထောက်ပံ့ပေးပါမည်။ |
| ၂ | အိမ်တွင်းဝါယာ သွယ်တန်းမှု သင်တန်း (မန္တလေးမြို့) | 1. Basic Electrical Science and Calculation<br>2. Electrical Materials and Devices<br>3. Electrical Wiring One Line Drawing<br>4. Electrical Safety at Work<br>5. Use of Electrical Measuring Instrument<br>6. Basic Transformer and Alternator System<br>7. Single Phase Induction Motor | (၅-၁၀-၂၀၂၀) မှ (၃၀-၁၂-၂၀၂၀) (သင်တန်း ၆ပတ်၊ လုပ်ငန်းခွင် လက်တွေ့ ဆိုင်များတွင် ၆ပတ် =ပေါင်း ၁၂ပတ် သင်ယူရပါမည်) | -အခြေခံပညာ အလယ်တန်းဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ | ၂၀ ဦး | (နေစားငြိမ်း၊ ခရီးစရိတ် ထောက်ပံ့မည်၊ NSSA ဖြေဆိုခွင့် အခမဲ့ ရရှိမည်) သင်တန်းပြီးနောက် လုပ်ငန်းခွင်သုံးကိရိယာအချို့ ထောက်ပံ့ပေးပါမည်။ |

| စဉ် | သင်တန်းအမည်နှင့် ဖွင့်လှစ်မည့်နေရာ | သင်တန်းတွင် သင်ကြားပေးမည့် ခေါင်းစဉ်များ | ကာလ | ဝင်ခွင့်သတ်မှတ်ချက် | သင်တန်းသားဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | 8. Practical Installation<br>9. Power Main and Distribution System<br>10. Change Over Switch (COS)<br>11. Day Light Sensor Switch Control<br>12. Card Switch Control<br>13. Direct Online Starter (DOS)<br>14. Earthing System, Lighting Arrester System<br>15. Float-less and Float Switch Control<br>16. Fire Alarm System | | | | |
| ၃ | သူနာပြုအကူ သင်တန်း (မိတ္ထီလာမြို့) | (၁) ခန္ဓာဗေဒ/ဇီဝဗေဒ များ<br>(၂) အခြေခံ သူနာပြုစုမှုများ<br>(၃)အခြေခံဆေးဝါးဗေဒများ<br>(၄) မိခင်နှင့် ကလေး သူနာပြုစုမှုများ | (၅-၁၀-၂၀၂၀) မှ (၂-၁-၂၀၂၁) ထိ (သင်တန်း ၂ လ၊ လက်တွေ့ ၁ လ) သုံးလ သင်ယူရပါမည် | -အခြေခံပညာ အလယ်တန်းဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ | ၁၅ ဦး | သင်တန်းပြီးနောက် ပုဂ္ဂလိကဆေးရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည်။ လုပ်ငန်းသုံး ပစ္စည်းအချို့ကို ထောက်ပံ့ပေးမည် ဖြစ်သည်။ |
| ၄ | ကားမောင်းသင်တန်းနှင့် စက်ပြင် သင်တန်း (မိတ္ထီလာမြို့) | ယာဉ်မောင်း/ စက်ပြင် | (၅-၁၀-၂၀၂၀) မှ (၂၅-၁၂-၂၀၂၀) ထိ ၁၂ ပတ် | -အခြေခံပညာ အလယ်တန်းဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ | ၂၅ ဦး | နေစားငြိမ်း ထောက်ပံ့မည်၊ သင်တန်းပြီးနောက် (ခ) လိုင်စင် ရရှိမည် ဖြစ်သည်။ |

| စဉ် | သင်တန်းအမည်နှင့် ဖွင့်လှစ်မည့်နေရာ | သင်တန်းတွင် သင်ကြားပေးမည့် ခေါင်းစဉ်များ | ကာလ | ဝင်ခွင့်သတ်မှတ်ချက် | သင်တန်းသားဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၅ | နိုင်ငံတကာ အစားအစာ ချက်ပြုတ်နည်း သင်တန်း<br><br>(ရန်ကုန်မြို့) | (၁) အစားအစာနှင့်ပတ်သက်သော အခြေခံဗဟုသုတနှင့် ကျန်းမာရေး (၂) စားသောက်တစ်ခု၏ Menu အရေးပါပုံ နှင့် ဟင်းပွဲတစ်ပွဲ၏ အခြေခံဈေးနှုန်း တွက်နည်းများ (၃) အနောက်တိုင်း မနက်စာ ပြင်ဆင် ချက်ပြုတ်နည်းများ (၄) နာမည်ကြီး လူကြိုက်များသော ဥရောပအစားအစာ၊ အနောက်တိုင်း အစာအစာ၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ မလေးရှား အစားအစာများ (၅) စားသောက်ဆိုင် တစ်ဆိုင်၏ လည်ပတ်ပုံ အဆင့်ဆင့်နှင့် ဆောင်ရန်၊ ရှောင်ရန်များ (၆) အစားအစာများ ကို နည်းစနစ်မှန်စွာ သိုလှောင်သိမ်းဆည်းပုံ အဆင့်ဆင့်နှင့် မီးဖိုချောင် တစ်ခုလုံး၏ သန့်ရှင်းမှု အရေးကြီးပုံ (၇) မီးဖိုချောင်သုံး ပစ္စည်းများ ကိုင်တွယ် အသုံးပြုအဆင့်ဆင့် (၈) အသီးအရွက် အသားငါး ကိုင်တွယ်လှီးဖြတ် ပြင်ဆင်ပုံ အဆင့်ဆင့် | (၅-၁၀-၂၀၂၀) မှ (၁၁-၁၂-၂၀၂၀) ထိ<br>(သင်တန်း ၂လ၊ လုပ်ငန်းခွင် ၂ ပတ်) | -အခြေခံပညာ အလယ်တန်းဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ | ၁၀ ဦး | သင်တန်းပြီးနောက် နိုင်ငံတကာ အစားအစာများကို ကျွမ်းကျင်စွာ ချက်ပြုတ်နိုင်မည် ဖြစ်သည်။ |
| ၆ | စာရင်းကိုင် သင်တန်း (မကွေးမြို့) | LCCI Level 1, 2 | (၅-၁၀-၂၀၂၀) မှ (၅-၁-၂၀၂၁) ထိ သုံးလ | -အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူ<br>-အသက် ၁၈ မှ ၄၅ ကြား | ၁၅ ဦး | သင်တန်းဆင်း လက်မှတ် ရရှိမည် ဖြစ်သည်။ |

| စဉ် | သင်တန်းအမည် နှင့် ဖွင့်လှစ်မည့် နေရာ | သင်တန်းတွင် သင်ကြားပေးမည့် ခေါင်းစဉ်များ | ကာလ | ဝင်ခွင့်သတ်မှတ်ချက် | သင်တန်းသား ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | -ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ | | |
| ၇ | ဆိုင်ကယ်ပြင် သင်တန်း (မိတ္ထီလာမြို့၊ တောင်သာမြို့၊ အောင်လံမြို့) | (၁) လက်သုံးကိရိယာ မှန်ကန်စွာ ကိုင်တွယ်အသုံးပြုမှု (၂) လုပ်ငန်းခွင် စည်းကမ်းလိုက်နာမှု နှင့် ကျင့်ဝတ် သိရှိမှု (၃) အင်ဂျင်တစ်လုံးကို ကျွမ်းကျင်စွာ ပြုပြင်ခြင်း (၄) ဝါယာရိမ်း အတတ်ပညာ တတ်ကျွမ်းနားလည်မှု (၅) လုပ်ငန်းခွင်သန့်ရှင်းရေး အလေးထားဂရုစိုက်မှု | (၁၉-၁၀-၂၀၂၀) မှ (၁၉-၁-၂၀၂၁) ထိ (သင်တန်း တစ်လခွဲ၊ လုပ်ငန်းခွင် လက်တွေ့ ဆိုင်များတွင် တစ်လခွဲ = ပေါင်း သုံးလ သင်ယူ ရပါမည်) | - အခြေခံပညာ အလယ်တန်းဆင့်<br>- အသက် ၁၈ မှ ၄၅ ကြား<br>- ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ | ၃၀ ဦး | သင်တန်းပြီးနောက် လုပ်ငန်းခွင်သုံး ကိရိယာအချို့ ထောက်ပံ့ပေးပါမည်။ |
| ၈ | အဆင့်မြင့် စက်ချုပ် သင်တန်း (မကွေးမြို့) | (၁) အခြေခံ စက်ချုပ်မွမ်းမံ၊ (၂) သတို့သမီးဝတ်စုံ ချုပ်နည်းများ၊ (၃) သတို့သမိုးသမီးရင်ခံ၊ ထိုင်မသိမ်းချုပ်နည်းများ၊ (၄) ကော်ထောက် ထည့်နည်းများ၊ (၅) ပွဲတက်ဂါဝန်၊ အစထပ်ပြီး အလှဆင်နည်းများ၊ (၆) စီးကွင့်ထိုးနည်း၊ (၇) ကုတ်အင်္ကျီချုပ်နည်း | (၁၉-၁၀-၂၀၂၀) မှ (၁၈-၁၂-၂၀၂၀)ထိ သုံးလ | -အခြေခံပညာ အလယ်တန်းဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ<br>-အခြေခံစက်ချုပ်ပညာကို ကျွမ်းကျင်တတ်မြောက်ပြီးသူ | ၁၅ ဦး | သင်တန်းပြီးနောက် အဆင့်မြင့် ချုပ်ထည်များကို လက်ခံချုပ် လုပ်နိုင်မည် ဖြစ်ပါသည်။ သင်တန်းပြီးနောက် လုပ်ငန်းခွင်သုံး ကိရိယာအချို့ ထောက်ပံ့ပေးပါမည်။ |

| စဉ် | သင်တန်းအမည်နှင့် ဖွင့်လှစ်မည့်နေရာ | သင်တန်းတွင် သင်ကြားပေးမည့် ခေါင်းစဉ်များ | ကာလ | ဝင်ခွင့်သတ်မှတ်ချက် | သင်တန်းသားဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၉ | ပလက်စတစ်ခြင်းယက်ခြင်း သင်တန်း (ပခုက္ကူမြို့) | (၁) ဈေးခြင်း အစုံလိုက် ယက်နည်းများ<br>(၂) ထမင်းချိုင့်ခြင်း ယက်နည်းများ<br>(၃) အလှခြင်းယက်နည်းများ | (၁-၁၁-၂၀၂၀) မှ (၃၀-၁၁-၂၀၂၀)ထိ တစ်လ | -အခြေခံပညာ မူလတန်းအဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ | ၁၀ ဦး | သင်တန်းပြီးနောက် ရောင်းတန်းဝင်ယက်နိုင်မည် ဖြစ်သည်။ လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးမည် ဖြစ်သည်။ |
| ၁၀ | သတင်းစာပညာ သင်တန်း (မန္တလေးမြို့) | (၁) အခြေခံသတင်းစာ ပညာများ သင်ကြားပေးခြင်း<br>(၂) သတင်းတစ်ပုဒ်အား စနစ်ကျစွာ တည်ဆောက်နည်းများ<br>(၃) သတင်းသမားများ ထားရှိရမည့် ကျင့်ဝတ်များ | (၂၃-၁၁-၂၀၂၀) မှ (၁၁-၁-၂၀၂၁) ထိ (၇ ပတ်) | -အခြေခံပညာ အထက်တန်းဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားရန် အစီစဉ်ရှိသူ<br>-စာရေးသားခြင်း ဝါသနာပါသူ<br>-ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ | ၁၀ ဦး | သင်တန်းပြီး သတင်းများ ရေးသားနိုင်မည် ဖြစ်သည်။ လုပ်ငန်းခွင်သုံး ကိရိယာအချို့ ထောက်ပံ့ပေးပါမည်။ |
| ၁၁ | ဂဟေဆက် သင်တန်း (မန္တလေးမြို့) | (Arc welding) MMAW GMAW Level 1: 3F and 4F Positions (Mild Steel 10 mm, 12 mm) Level 2: 3G Position (Mild Steel 10 mm, 12 mm) Level 1: 3F and 4F Positions (Mild Steel 10 mm, 12 mm) Level 2: 3G Position (Mild Steel 10 mm, 12 mm) (Hollow ချောင်းများမှသည် steel structure များထိ ဂဟေချောင်းများ၊ $CO_2$ ဓာတ်ငွေ့ ဂဟေဆော်နည်းများ သင်ကြားတတ်မြောက်ပါမည်) | (၁၂-၁၀-၂၀၂၀) မှ (၂၀-၁၁-၂၀၂၀)ထိ | -အခြေခံပညာ အလယ်တန်းဆင့် အသက်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ<br>-ကျန်းမာသန်စွမ်းသူ | ၁၀ ဦး | သင်တန်းပြီးနောက် NSSA လက်မှတ်ဖြေဆိုခွင့်၊ အလုပ်အကိုင် ချိတ်ဆက်ပေးမှု၊ လုပ်ငန်းသုံးကိရိယာတချို့ ပံ့ပိုးပေးမှုတို့ ရရှိပါမည်၊ အဆောင်၊ အစားအသောက် စီစဉ်ထားရှိပါသည်။ |

| စဉ် | သင်တန်းအမည်နှင့် ဖွင့်လှစ်မည့်နေရာ | သင်တန်းတွင် သင်ကြားပေးမည့် ခေါင်းစဉ်များ | ကာလ | ဝင်ခွင့်သတ်မှတ်ချက် | သင်တန်းသားဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၂ | အဆင့်မြင့် အလှဖန်တီးရှင် သင်တန်း (ရန်ကုန်မြို့) | (၁) အမျိုးသားဆံပင်ညှပ် ၆မျိုး (စတိုင်ပန့်ကေ၊ နှစ်ထပ်ကေဘောခွဲ၊ ဒွေးကေ၊ ပီးမတ်ကေ၊ ဝမ်းဝေးနောက်နှစ်ထပ်၊ EMO)<br>(၂) အမျိုးသမီးဆံပင်ညှပ် ၃မျိုး (BOB၊ Step၊ တီအညှပ်)<br>(၃) မျက်နှာပေါင်းတင်ခြင်း၊ ချေးချွတ်ခြင်း၊ နှိပ်နယ်ခြင်း<br>(၄) မျက်နှာ ရွှေသွင်းခြင်း၊ အဆိပ်ထုတ်ခြင်း<br>(၅) ဆံပင် ဖြောင့်ခြင်း ၂ နည်း (တစ်လုံးနည်း၊ နှစ်လုံးနည်း)<br>(၆) ဆံပင်ကောက်နည်း ၃နည်း (အတွင်းကောက်၊ အပြင်ကောက်၊ အကြေဖွ)<br>(၇) ဆံပင်ဆေးဆိုးခြင်း (ဆံပင်ချွတ်၊ ကာလာညှိ၊ ဆေးဆိုး၊ Hight light ဖောက်)၊<br>(၈) ခေါင်းလျှော်ခြင်း (နှိပ်ကွက် ၁၅ကွက်)၊ ပုံသွင်းခြင်း၊<br>(၉) လက်သည်း သန့်ရှင်းရေး လုပ်ခြင်း၊ ညှပ်ခြင်း၊ ပုံသွင်းခြင်း၊<br>(၁၀) လက်သည်း ပန်းချီရေးဆွဲခြင်း (နှင်းဆီပုံ၊ ခရေ၊ နေကြာ၊ အရုပ်ပုံ၊ အကွက်ပုံ) | (၁၆-၁၀-၂၀၂၀) မှ (၃၁-၁၂-၂၀၂၀)ထိ | -အခြေခံပညာ အလယ်တန်းဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ<br>-ကျန်းမာသန်စွမ်းသူ | ၁၅ ဦး | သင်တန်းပြီးနောက် အောင်လက်မှတ် ရရှိပါမည် အလုပ်အကိုင် ချိတ်ဆက်ပေးမှု၊ လုပ်ငန်းသုံးကိရိယာတချို့ ပံ့ပိုးပေးမှုတို့ ရရှိပါမည်၊ အဆောင် စီစဉ်ထားရှိပါသည်၊ |
| | | | | | | |

| စဉ် | သင်တန်းအမည် နှင့် ဖွင့်လှစ်မည့်နေရာ | သင်တန်းတွင် သင်ကြားပေးမည့် ခေါင်းစဉ်များ | ကာလ | ဝင်ခွင့်သတ်မှတ်ချက် | သင်တန်းသားဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၃ | အဆင့်မြင့် စက်ချုပ် သင်တန်း (တောင်သာမြို့) | (၁) ရှပ်အင်္ကျီ၊ (၂) လဗိုက် ရှပ်အင်္ကျီ၊ (၃) တာရှပ်၊ (၄) သတို့သားစတတ်၊ (၅) အမျိုးသမီး ကုတ်ဝတ်၊ (၆) ဖောက်အိတ်၊ (၇) အမျိုးသားဝတ် ကုတ် (၈) ဗြန့်ထမီ ၉။ သတို့မျိုးသမီး ရင်ခံ ၁၀။ သတို့သမီး အပြင်အထည် ၁၁။ ပွဲတက်ဂါဝန် ၁၂။ အမျိုးသမီး စတိုင်ပန် ၁၃။ အမျိုးသား စတိုင်ပန် | (၉-၁၀-၂၀၂၀) မှ (၂၀-၁၂-၂၀၂၀)ထိ | -အခြေခံပညာ အလယ်တန်းဆင့်<br>-အသက် ၁၈ မှ ၄၅ ကြား<br>-ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရန် အစီစဉ်ရှိသူ/ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှ ပြန်လာသူ<br>-ကျန်းမာသန်စွမ်းသူ | ၁၅ ဦး | သင်တန်းပြီးနောက် အောင်လက်မှတ် ရရှိပါမည်။ လုပ်ငန်းသုံး ကိရိယာတချို့ ပံ့ပိုးပေးမှုတို့ ရရှိပါမည်။ အဆောင် စီစဉ်ထားရှိပါသည်၊ |

အောက်ပါရုံးလိပ်စာများသို့ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ (ရုံးချိန်အတွင်း) ဆက်သွယ်မေးမြန်းနိုင်ပါသည်။


**IOM Pakokku Sub-Office**

အမှတ် (၃၉)၊ ရပ်ကွက် (၁၀)၊ ရန်အောင်မြင်လမ်း၊ ပခုက္ကူမြို့။

ဖုန်းနံပါတ် - ၀၉-၄၀၂၇၈၇၀၀၇၊ ၀၉-၄၂၅၂၇၅၇၉၇

**SCVG ရုံး**

အမှတ် (၂၃၄)၊ ၁၃ လမ်း၊ ရန်ကျော်ရပ်၊ အောင်ချမ်းသာရပ်ကွက်၊ မကွေးမြို့။

ဖုန်းနံပါတ် - ၀၉-၄၄၂၃၆၂၈၂၅၊ ၀၉-၄၀၂၇၂၃၃၀



Funded by

Livelihoods and Food Security Fund

# သင်တန်းလျှောက်လွှာ

| | | | | |
|---|---|---|---|---|
| ၁။ အမည် | | | | |
| ၂။ အဖအမည် | | | | |
| ၃။ အသက် | | | | |
| ၄။ ကျား/မ | ကျား ☐ မ ☐ | ၅။ မွေးသက္ကရာဇ် | ရက် / လ / နှစ် | |
| ၆။ မှတ်ပုံတင်အမှတ် | | | | |
| ၇။ ပညာအရည်အချင်း | | | | |
| ၈။ လျှောက်ထားသော သင်တန်းအမည် | | | | |
| ၉။ လျှောက်ထားသော သင်တန်းနှင့်ပတ်သက်သော အလုပ်အတွေ့အကြုံများ ဖော်ပြပါ။ | | | | |
| ၁၀။ လုပ်ငန်းအတွေ့အကြုံ ရှိပါက နှစ်/လ မည်မျှရှိပါသနည်း။ | | | ( ) လ / ( ) နှစ် | |
| ၁၁။ အမြဲတမ်းနေရပ်လိပ်စာ | မြို့နယ် | | ကျေးရွာအုပ်စု | |
| | ကျေးရွာ | | လမ်း | |
| | ရပ်ကွက် | | အိမ်အမှတ် | |
| ၁၂။ ဖုန်းနံပါတ် (အမြဲတမ်းသုံး ဖြစ်ရမည်) | | | | |
| ၁၃။ ဆက်သွယ်ရန်ပုဂ္ဂိုလ် | | | | |
| ၁၄။ ဆက်သွယ်ရန်ပုဂ္ဂိုလ်၏ နေရပ်လိပ်စာ | မြို့နယ် | | ကျေးရွာအုပ်စု | |
| | ကျေးရွာ | | လမ်း | |
| | ရပ်ကွက် | | အိမ်အမှတ် | |
| ၁၅။ ဆက်သွယ်ရန်ဖုန်း | | | | |

| အလုပ်အကိုင်အခြေအနေ | | |
|---|---|---|
| ၁၆။ သင်၏ စားဝတ်နေရေးအတွက် မည်သည့်အလုပ်ကို လုပ်ကိုင်ပါသနည်း။ | | |
| ၁၇။ ၎င်းအလုပ်မှ လုပ်ခလစာ မည်မျှရရှိခဲ့ပါသနည်း။ | ______________ ကျပ် | |
| ၁၈။ ကျန်းမာရေးပြဿနာကြောင့် အလုပ်လုပ်ကိုင်ရန် ကန့်သတ်ချက်များရှိပါသလား။ | ☐ရှိပါသည်။ | ☐မရှိပါ။ |
| ၁၉။ အကယ်၍ရှိပါက ဖော်ပြရန်။ | | |

| သင်တန်းလျှောက်ထားရသည့်ရည်ရွယ်ချက် |
|---|
| ၂၀။ ဒီသင်တန်းကို မည်သည့်အတွက်ကြောင့် သင်ပါဝင်တက်ရောက်ချင်ပါသလဲ။ သင်၏ပါဝင် တက်ရောက်ချင်စိတ်ကို ဖြစ်စေသည့် အကြောင်းအရင်းများကို အသေးစိတ်ရှင်းပြပေးပါ။ (ကျွန်ုပ်တို့မှ သင်တန်းသားများကို ရွေးချယ်ရာတွင် အရေးပါသော အခန်းကဏ္ဍအနေဖြင့် ယခုအကြောင်းအရာများကို ကြည့်ရှုမည်ဖြစ်သည်။) |
| |

| ၂၁။ သင်တန်းပြီးဆုံးလျှင် လုပ်ဆောင်မည့် အစီအစဉ် |
|---|
| |

| ရွှေ့ပြောင်းလုပ်ကိုင်ရန်အစီအစဉ်ရှိသူ | |
|---|---|
| ၂၂။ အခြားမြို့/နိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်ရန်အစီအစဉ်ရှိပါသလား။ | ☐ရှိပါသည်။ ☐မရှိပါ။ |
| ၂၃။ အစီအစဉ်ရှိလျှင် မည်သည့်နေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်ရန် စီစဉ်ထားပါသလဲ။ မည်သည့်လုပ်ငန်း လုပ်ပါမည်နည်း။ | |

| ရွှေ့ပြောင်းလုပ်ကိုင်ရာမှပြန်လာသူ | |
|---|---|
| ၂၄။ အလုပ်လုပ်ရန်အတွက် အခြားမြို့/နိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်ဖူးပါသလား။ | ☐လုပ်ကိုင်ဖူးပါသည်။ ☐မလုပ်ကိုင်ဖူးပါ။ |
| ၂၅။ မည်သည့်အချိန်တွင် လုပ်ကိုင်ခဲ့ပြီး မည်သည့်အချိန်တွင် ပြန်လာခဲ့ပါသလဲ။ မည်မျှကြာကြာ ရွှေ့ပြောင်း လုပ်ကိုင်ခဲ့ပါသလဲ။ | |
| ၂၆။ ရွှေ့ပြောင်းလုပ်ကိုင်ခဲ့သည့်နေရာတွင် မည်သည့်အလုပ် လုပ်ကိုင်ခဲ့ပါသလဲ။ | |
| ၂၇။ ၎င်းအလုပ်မှ လုပ်ခလစာ မည်မျှရရှိခဲ့ပါသနည်း။ | |
| ၂၈။ မည်သည့်အတွက်ကြောင့် ရွှေ့ပြောင်းလုပ်ကိုင်ရာမှ ပြန်လာခဲ့ပါ သနည်း။ | |
| ၂၉။ နောက်တစ်ကြိမ် ရွှေ့ပြောင်းသွားလာရန် အစီအစဉ်ရှိပါသလား။ | ☐ရှိပါသည်။ ☐မရှိပါ။ |

| | |
|---|---|
| ၃၀။ အစီအစဉ်ရှိပါက မည်သည့်နေရာသို့ ရွှေ့ပြောင်းပြီး မည်သည့် အလုပ် လုပ်ကိုင်ပါမည်နည်း။ | |

| ရွှေ့ပြောင်းသွားလာရာတွင် အခက်အခဲများနှင့်ကြုံတွေ့ရသူများ | | |
|---|---|---|
| ၃၁။ ကျေးရွာမြို့ရှိ သင့်မိသားစုလစဉ်ဝင်ငွေကိုဖော်ပြပါ။ | တစ်သိန်းအောက် ☐ တစ်သိန်းအထက် ☐ | |
| ၃၂။ မိသားစုဝင် ဘယ်နှစ်ဦး ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နေပါသလဲ။ | ကျား ( ) + မ ( ) = စုစုပေါင်း ( ) | |
| ၃၃။ လွှဲပို့ငွေလက်ခံရရှိပါသလား။ | ☐ရရှိပါသည်။ ☐ မရရှိပါ။ | |
| ၃၄။ လွှဲပို့ငွေကို ဘယ်လောက်တစ်ကြိမ် လက်ခံရရှိပါသလဲ။ | ☐တစ်ပတ်တစ်ကြိမ်<br>☐တစ်လတစ်ကြိမ်<br>☐သုံးလတစ်ကြိမ် | ☐ခြောက်လတစ်ကြိမ်<br>☐တစ်နှစ်တစ်ကြိမ် |

| |
|---|
| ၃၅။ ရွှေ့ပြောင်းသွားလာခဲ့စဉ် ကြုံခဲ့ရသော သင့်အခက်ခဲများကို ဖော်ပြပါ။ |
| ၃၆။ ရွှေ့ပြောင်းသွားလာစဉ်တွင် သင်ကြုံတွေ့ခဲ့ရသော အနိုင်ကျင့်ခံရမှုများကို ဖော်ပြပါ။ |
| ၃၇။ ရွှေ့ပြောင်းသွားလာစဉ်တွင် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့် နှောက်ယှက်ခံရသည်များ ရှိပါက ဖော်ပြပါရန်။ |
| ၃၈။ ရွှေ့ပြောင်းသွားလာစဉ်တွင် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့် နှောက်ယှက်ခံရသည်များ ရှိပါက ဖော်ပြပါရန်။ |

၃၉။ သင်၏ ဆန္ဒမပါပဲ အတင်းအကျပ် လက်ထပ်ထိမ်းမြှားခံရသည့် ဖြစ်စဉ်များ ရှိပါက ဖော်ပြပါ။

၄၀။ တစ်စုံတစ်ဦးက သူ၏ အာဏာအား အသုံးချ၍ သင့်အား ကျွန်ပြုခိုင်းစေခြင်း၊ အတင်းအကျပ် ခိုင်းစေခြင်းများ ရှိပါသလား။ရှိခဲ့လျှင်ဖော်ပြပါ။

၄၁။ တစ်စုံတစ်ဦးက သင့်အား သင်ပေးရမည့် အကြွေးကို အကြောင်းပြု၍ ခေါင်းပုံဖြတ်ခြင်း ၊ အကြပ်ကိုင်ခြင်းများ ရှိပါက ဖော်ပြပါရန်။

**IOM** သင်တန်းတွင် အခကြေးငွေမပေးရဘဲ

- လုံခြုံစိတ်ချစွာ စာသင်ကြားနိုင်ရန်အတွက် နေရာထိုင်ခင်းစီစဉ်ပေးခြင်း၊
- ရပ်ဝေးသို့ သွားရောက်တက်ရောက်ရသော သင်တန်းအချို့ကို အစားအသောက်စီစဉ်ပေးခြင်း၊
- သင်တန်းအတွင်း ပစ္စည်းများ အခမဲ့သုံးခွင့်ရရှိခြင်း၊
- နည်းပညာကျွမ်းကျင်မှုအပြင် လူမှုဆက်ဆံရေးပညာရပ်များ အစရှိသည့် ဘဝတစ်သက်တာ ကျွမ်းကျင်စရာ skill များသင်ပေးခြင်း၊
- လျှပ်စစ်နှင့်အဲကွန်းသင်တန်းတွက် NSSA ဝင်ရောက်ဖြေဆိုခွင့်ရှိခြင်း၊
- သင်တန်းပြီးဆုံးပါက လုပ်ငန်းစတင်ရန် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်း၊
- သင်တန်းပြီးနောက် လုပ်ငန်းရှင်များထံ အလုပ်သင်သင်တန်းသားအဖြစ် လုပ်ကိုင်ခွင့်ရှိခြင်း၊
- အလုပ်အကိုင်အခွင့်အလမ်းများချိတ်ဆက်ပေးခြင်းများပြုလုပ်သွားမည်ဖြစ်ပါသည်။

**သို့ပါ၍ အမှန်တကယ် အလုပ်အကိုင်လုပ်မည့် ပုဂ္ဂိုလ်များကို ဦး စားပေးသွားမည်။**

## ကတိဝန်ခံချက်

1. အထက်ဖော်ပြပါအချက်အလက်များကိုကျွန်ုပ်မှန်ကန်စွာတင်ပြခဲ့သည်။ မမှန်မကန်ဖြည့်ပါကရွေးချယ်ခြင်းလုပ်ငန်းစဉ်တွင်ကျွန်ုပ်ပါဝင်မည်မဟုတ်ကြောင်းကျွန်ုပ်သိပါသည်။
2. ကျွန်ုပ်သည်သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပါကသင်တန်းမှပေးထားသောစည်းမျဉ်းများကိုလိုက်နာရန်နှင့်သင်တန်းပြီးဆုံးအောင်တက်ရန်ကျွန်ုပ်အာမခံမည်။

ကျေးဇူးပြုပြီးလျှောက်လွှာနှင့်အတူအောက်ပါတို့ပါဝင်ရမည်:
၁။ အုပ်ချုပ်ရေးမှူး၏ထောက်ခံစာ
၂။ မှတ်ပုံတင်ကဒ်မိတ္တူ
၃။ ဓါတ်ပုံ ပတ်စပို့ဆိုဒ် ၃ပုံ

အသေးစိတ်အတွက်တနင်္လာနေ့မှသောကြာနေ့အထိရုံးဖုန်းများကိုဆက်သွယ်ပါ။ 09402787007; 09425275797

| | |
|---|---|
| လျှောက်ထားသူလက်မှတ် | မိဘ/ အုပ်ထိန်းသူလက်မှတ် |
| အမည် | အမည် |

သင့်တွင် Facebook အကောင့်ရှိပါက ကျေးဇူးပြု၍ " *Dry Zone Phase II Skill Development Group*"၊ " *မယ်ရွှေပြောင်း*" Facebook စာမျက်နှာနှင့် PDN-Twe Let၊ CHRO Twe Let, Twe-Let - MWC စာမျက်နှာများကို ကျေးဇူးပြု၍ " Like" လုပ်ထားပါ။

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++